# ၃၇၉း သာ၍မြင့်သောကုန်းပေါ်မှာကျူး

## Higher Ground

ဆာ ၂၄း၃-၅

ကောင်းကင်လမ်းကို ကြိုးစားတက်မည်။ နေ့စဉ်တိုး၍ အထက်ရောက်သည်။
ကုန်းမြင့်ပေါ်မှာ ခြေလှမ်းဖို့ရာ၊ နေ့စဉ်ပြုမည် ဆုပဌနာ။
ယုံကြည်ခြင်းဖြင့် ကုန်းမြင့်ပေါ်မှာ ရပ်နေဖို့ရာ ကူတော်မူပါ၊
သာ၍မြင့်ရာ ကုန်းမြင့်ပေါ်မှာ ခြေလှမ်းစိမ့်ငှာ၊ မ တော်မူပါ။

ယုံမှားခြင်းနှင့် ကြောက်ရွံ့ခြင်းများ၊ ရှိရာရပ်မှာ မနေချင်ပါ၊
အခြားသူများ နေချင်သော်လည်း၊ ကုန်းမြင့်မှာသာ ကျွန်ုပ်နေမည်။
ယုံကြည်ခြင်းဖြင့် ကုန်းမြင့်ပေါ်မှာ ရပ်နေဖို့ရာ ကူတော်မူပါ၊
သာ၍မြင့်ရာ ကုန်းမြင့်ပေါ်မှာ ခြေလှမ်းစိမ့်ငှာ၊ မ တော်မူပါ။

မာရ်နတ်ဆိုးသည် တိုက်ခိုက်သော်လည်း၊ ထက်ရပ်မှာသာ နေချင်လှသည်၊
ကုန်းမြင့်ပေါ်က သီချင်းသံများ၊ ယုံကြည်ခြင်းဖြင့် ကျွန်ုပ်ကြားရ။
ယုံကြည်ခြင်းဖြင့် ကုန်းမြင့်ပေါ်မှာ ရပ်နေဖို့ရာ ကူတော်မူပါ၊
သာ၍မြင့်ရာ ကုန်းမြင့်ပေါ်မှာ ခြေလှမ်းစိမ့်ငှာ၊ မ တော်မူပါ။

ဆ